




# နော်ဝေနိုင်ငံဆိုင်ရာအချက်အလက်များ





# နော်ဝေနိုင်ငံဆိုင်ရာအချက်အလက်များ

## နော်ဝေနိုင်ငံ၏တည်နေရာ

၁။ နော်ဝေနိုင်ငံ (တရားဝင်အခေါ် နော်ဝေးဘုရင်နိုင်ငံ)သည် မြောက်ဥရောပတွင်ရှိသော နိုင်ငံတစ်ခုဖြစ်ပြီး စကင်ဒီနေဗီးယားကျွန်းဆွယ် (Scandinavian Peninsula)နှင့် ဂျန်မေယန်ဟုခေါ်သော အာတိတ်ကျွန်းစုများထဲမှ Svalbard နှင့် Bouvet ကျွန်းများတွင် တည်ရှိသည်။ နော်ဝေနိုင်ငံသည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၈,၇၄၇ မိုင် (စတုရန်းကီလိုမီတာ ၃၈၅,၂၅၂ ကီလိုမီတာရှိပြီး ၂၀၂၀ခုနှစ်၊ ဇူလိုင်လ ၅ရက် သန်းခေါင်စာရင်းအရ လူဦးရေ ၅,၄၂၁,၆၅၄ဦးရှိသည်။ နော်ဝေနိုင်ငံသည် ဥရောပတွင် ဒုတိယမြောက်လူဦးရေသိပ်သည်းမှုအနည်းဆုံးနိုင်ငံဖြစ်သည်။ အရှေ့ဘက်တွင် ဆွီဒင်နိုင်ငံနှင့်ထိစပ်လျက်ရှိသော နယ်စပ်အရှည် ၁၀၀၆မိုင် (၁၆၁၉ ကီလိုမီတာရှိပြီး) စကင်ဒီနေးဗီးယားနှင့် ဥရောပအတွင်းတွင်အပြတ်အတောက်မရှိဘဲ ထိစပ်လျက်ရှိသောအရှည်ဆုံးနယ်စပ်ဖြစ်သည်။ အရှေ့မြောက်ဘက်တွင် ဖင်လန်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် Skagerrak ရေလက်ကြားရှိသည်။ ထိုရေလက်ကြား၏ တစ်ဖက်ခြမ်းတွင် ဒိန်းမတ်နိုင်ငံတည်ရှိသည်။ နော်ဝေနိုင်ငံ၏မြို့တော်မှာ အော့စလို (Oslo) ဖြစ်သည်။




**နော်ဝေနိုင်ငံ၏တည်နေရာပြမြေပုံ**

## သမိုင်းကြောင်း

၂။ နော်ဝေနိုင်ငံတွင်ဘုရင်စနစ်အား လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ကျော်မှစတင်၍ ကျင့်သုံးလာခဲ့သည်။ နော်ဝေနိုင်ငံ၏ပထမဦးဆုံးဘုရင်အဖြစ်သတ်မှတ်ခံရသော Harald Fairhair သည် နော်ဝေဘုရင်နိုင်ငံတော်ကို စုစည်းတည်ထောင်ခဲ့သည်။ လက်ရှိဘုရင် Harald V သည် ၁၉၉၁ ခုနှစ်မှ စတင်၍ နော်ဝေနိုင်ငံကိုအုပ်ချုပ်ခဲ့သည်။ နော်ဝေနိုင်ငံသည် သမိုင်းကြောင်းရှည်စွာတည်ရှိခဲ့သော်လည်း လွတ်လပ်သော ခေတ်သစ်နော်ဝေနိုင်ငံအဖြစ်မှ သက်တမ်းနုနယ်ပါသည်။ ၁၃၈၀ခုနှစ်တွင် နော်ဝေနှင့်ဒိန်းမတ်နိုင်ငံတို့သည် တစ်ခုတည်းသောဘုရင်စနစ်အောက်သို့ ပေါင်းစည်းခဲ့ကြသော်လည်း နော်ဝေနိုင်ငံသည် ဒိန်းမတ်တို့၏စိုးမိုးမှုအောက်သို့ တဖြည်းဖြည်းကျရောက်ခဲ့သည်။ ၁၈၁၄ခုနှစ်တွင် Napoleonic စစ်ပွဲဖြစ်ပွားပြီးနောက် ဒိန်းမတ်နိုင်ငံနှင့် ပေါင်းစည်းမှုပြိုကွဲခဲ့သည်။ ထို့နောက် နော်ဝေနိုင်ငံသည် လွတ်လပ်သောနိုင်ငံဖြစ်လာခဲ့ပြီး ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ လအနည်းငယ်အကြာတွင် နော်ဝေနိုင်ငံသည် ဆွီဒင်နိုင်ငံနှင့်ပူးပေါင်းရေးကို တွန်းအားပေးခြင်းခံခဲ့ရသည်။ ထိုအချိန်တွင် လွတ်လပ်သောနိုင်ငံအဖြစ်တည်ရှိနေခဲ့ပြီး ဘုံဘုရင်စနစ်ကျင့်သုံး၍ ပူးပေါင်းနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ၁၉၀၅ ခုနှစ်တွင် နော်ဝေ-ဆွီဒင်ပြည်ထောင်စုပြိုကွဲပြီး နော်ဝေနိုင်ငံသည် ၎င်းတို့ကိုယ်ပိုင်ဘုရင်စနစ်ကို ကျင့်သုံးခဲ့ကာ King Haakon VII ဘုရင်ဖြစ်လာခဲ့ သည်။

## အစိုးရနှင့် နိုင်ငံရေးစနစ်

၃။ နော်ဝေနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၈၁၄ခုနှစ်၊ မေလ ၁၇ရက်နေ့တွင် Eidsvoll Assembly တွင်လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီး အကြွင်းမဲ့ဘုရင်စနစ်မှ စည်းမျဉ်းခံဘုရင်စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ နော်ဝေနိုင်ငံသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကို ပိုင်းခြားကျင့်သုံးသည်။ အုပ်ချုပ်ရေးအာဏာကို ဘုရင်ကောင်စီမှကျင့်သုံးပြီး နော်ဝေဝန်ကြီးချုပ်မှ ဦးဆောင်သည်။ လက်ရှိဝန်ကြီးချုပ်မှာ အမျိုးသမီးဝန်ကြီးချုပ် Erna Solberg ဖြစ်သည်။

၄။ နော်ဝေနိုင်ငံ၏ ဥပဒေပြုရေးအာဏာကို storting (Great Council) ဟုခေါ်သော ပါလီမန်မှ ကျင့်သုံးဆောင်ရွက်သည်။ ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးပြီး ၄နှစ်တစ်ကြိမ်

ကျင်းပလေ့ရှိသည်။ နော်ဝေပါလီမန်တွင် ကိုယ်စားလှယ် (၁၆၉)ဦးပါသော ပါလီမန်တစ်ရပ်သာရှိသည်။ နော်ဝေနိုင်ငံ၏ဥပဒေပြုသည့် အဆင့်(၅)ဆင့်ရှိပါသည်။ ပထမအဆင့်တွင် ဥပဒေကြမ်းတင်သွင်းသောအဆင့်ဖြစ်ပြီး အစိုးရအဖွဲ့ဝင် သို့မဟုတ် ပါလီမန်ကိုယ်စားလှယ်မှဖြစ်စေ တင်သွင်းသည်။ ပါလီမန်မှ ဥပဒေကြမ်းကို သက်ဆိုင်ရာအမြဲတမ်းကော်မတီသို့ပေးပို့ပြီး ကော်မတီအဆင့်တွင် ဥပဒေကြမ်းကိုအသေးစိတ်ဆွေးနွေးပါသည်။ ပထမအကြိမ် ပါလီမန်အတွင်း ဖတ်ကြားတင်သွင်းရာတွင် ကော်မတီမှ အစီရင်ခံစာပေါ်တွင်ဆွေးနွေးပြီးနောက် ဆန္ဒမဲပေးမှုပြုလုပ်သည်။ ဥပဒေကြမ်းအပေါ် ဆန္ဒမဲပေးမှုရှုံးနိမ့်လျှင် ဥပဒေကြမ်းကို ဆက်လက်လုပ်ဆောင်ရန်မလိုတော့ပါ။ ဆန္ဒမဲပေးမှုအောင်မြင်လျှင် ဒုတိယအကြိမ်ဖတ်ကြားမှုကို ပထမအကြိမ်ဖတ်ကြားပြီး (၃)ရက်အကြာတွင် ပြုလုပ်လေ့ရှိပြီး ဥပဒေကြမ်းအပေါ် လွှတ်တော်အတွင်း ဆွေးနွေးမှုတစ်ဖန်ပြုလုပ်သည်။ ဆန္ဒမဲပေးမှုအသစ်များပြုလုပ်နိုင်ပြီး အနိုင်ရလျှင် ဥပဒေကြမ်းကို ဘုရင့်ကောင်စီသို့ လက်မှတ်ရေးထိုးရန်ပေးပို့သည်။ အကယ်၍ ဒုတိယအကြိမ်ဖတ်ကြားမှုတွင် ကွဲလွဲမှုများရှိပါက တတိယအကြိမ်ဖတ်ကြားမှုကို (၃)ရက်အကြာတွင် ပြင်ဆင်မှုများကို ဆွေးနွေးမှုပြုလုပ်ပြီး မဲခွဲဆုံးဖြတ်သည်။ လက်ရှိလွှတ်တော်ဥက္ကဋ္ဌမှာ Tone Wilhelmsen Troen ဖြစ်ပါသည်။

**စီးပွားရေး**

၅။ နော်ဝေနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် GDP ဒုတိယအမြင့်ဆုံးဖြစ်ပြီး ကမ္ဘာ့နိုင်ငံများတွင် အဆင့်(၆)တွင်ရှိပါသည်။ နော်ဝေနိုင်ငံ၏တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇၀,၀၆၆ ဒေါ်လာဖြစ်သည်။ နော်ဝေနိုင်ငံသည် UNDP Human Development Index တွင် (၆)နှစ် (၂၀၁၃မှ ၂၀၁၆အထိ)ဆက်တိုက် ပထမနေရာကိုရရှိခဲ့သည်။ နော်ဝေနိုင်ငံသည် ကမ္ဘာ့အဆင့်လူနေမှုအမြင့်ဆုံးနိုင်ငံများတွင်ပါဝင်သည်။ နိုင်ငံ၏အကြီးဆုံးကဏ္ဍများမှာ ရေနံထွက်ပစ္စည်း၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ အလူမီနီယံထုတ်လုပ်မှု၊ နော်ဝေဘဏ်လုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းတို့ဖြစ်သည်။ ဆက်သွယ်ရေးလုပ်ငန်းတွင် တယ်လီနော(Telenor)မှာကျော်ကြားသည်။

## လူမှုရေး

၆။ ၂၀ ရာစုနှောင်းပိုင်းမှစ၍ နော်ဝေနိုင်ငံသည် တောင်ပိုင်းနှင့်အလယ်ဥရောပမှ ပြောင်းရွှေ့နေထိုင်သူများအတွက် အခြေချနေထိုင်ရန် ဆွဲဆောင်သောနိုင်ငံဖြစ်လာခဲ့သည်။ ၂၀၀၉ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တရားဝင်လေ့လာမှုအရ နော်ဝေနိုင်ငံသို့အခြေချပြောင်းရွှေ့နေထိုင်သူအရေအတွက်မှာ ၂၀၁၁ခုနှစ်တွင် ၇၉,၄၉၈ခန့်ရှိပြီး ၂၀၁၉ခုနှစ်တွင် ၅၂,၁၅၃ခန့်ရှိပါသည်။ အဆိုပါ အခြေချပြောင်းရွှေ့နေထိုင်သူများအနက် တူရကီနိုင်ငံအပါအဝင် ဥရောပဒေသနိုင်ငံများမှဖြစ်ကြပြီး ၂၀၂၀ခုနှစ်တွင် ၄၁၈,၀၀၀ထိရှိနေပါသည်။ ၂၀၁၈ခုနှစ်အထိ ကိုးကွယ်ယုံကြည်မှုတိုးတက်နှုန်းတွင် Lutheran Christianity မှာ ၇၆.၇၇%ဖြင့် အမြင့်ဆုံးဖြစ်ပြီး အစ္စလာမ် ၃.၂၉%၊ ဗုဒ္ဓဘာသာ ၀.၃၉%နှင့် ဟိန္ဒူဘာသာ ၀.၂၁%တို့ဖြစ်သည်။ နိုင်ငံ၏လူဦးရေစုစုပေါင်းမှာ ၂၀၂၀ခုနှစ်တွင် ၅,၄၂၁,၆၅၄ ဖြစ်သည်။

## နော်ဝေ-မြန်မာဆက်ဆံရေး

၇။ မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် နော်ဝေနိုင်ငံသည် နီးစပ်စွာပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင် ယခင်နော်ဝေဝန်ကြီးချုပ်ဟောင်း Jens Stoltenberg သည် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့ပြီး အဆိုပါနှစ်အတွင်းမှာပင် ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံသို့သွားရောက်ခဲ့ကာ ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ပါသည်။ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီတွင် မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေနိုင်ငံသို့ ပထမဆုံးအကြိမ် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ၂၀၁၄ခုနှစ်တွင် နော်ဝေဘုရင် Harald နှင့် မိဖုရား Sonja တို့သည် နိုင်ငံခြားရေးဝန်ကြီး၊ စီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးတို့နှင့်အတူ မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာနော်ဝေအမြဲတမ်းသံရုံးအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။

၈။ နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ၏ကူးပြောင်းရေးကာလတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင် နော်ဝေသည် မြန်မာနိုင်ငံနှင့်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး

အတွက် ကာလရှည်အစီအမံအား ချမှတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုအား အောက်ပါနယ်ပယ် (၂)ခုတွင် အလေးပေးဆောင်ရွက်ခဲ့သည်-

(က) ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေး၊

(ခ) သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များ။

၉။ အဆိုပါကဏ္ဍများအပြင် မြန်မာ့စီးပွားရေးနှင့်လူမှုဘဝဖွံ့ဖြိုးရေးတို့အတွက် ထောက်ပံ့ကူညီမှုများအား ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၃-၂၀၁၄ကာလတွင် နော်ဝေနိုင်ငံ၏ကူညီမှုမှာ အမေရိကန်ဒေါ်လာ ၃၇ သန်းခန့်ရှိပါသည်။ ၂၀၁၂ခုနှစ်တွင် နော်ဝေသည် မြန်မာနိုင်ငံအတွက် Myanmar Peace Support Initiative (MPSI) အစီအစဉ်တစ်ရပ်ဆောင်ရွက်ရန် မြန်မာအစိုးရထံသို့တောင်းဆိုခဲ့ပြီး ၎င်းအစီအစဉ်သည် ၂၀၁၅ခုနှစ်တွင်အပြီးသတ်ခဲ့သည်။ အဆိုပါအစီအစဉ်သည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွင် လူမှုအဖွဲ့အစည်းအခြေပြုလုပ်ငန်းစဉ်များဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ချမှတ်ရာ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ မြန်မာ့ဒီမိုကရေစီလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နော်ဝေသည် ဆက်လက်ပူးပေါင်းဆောင်ရွက်နေဆဲပင်ဖြစ်သည်။ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲမတိုင်မီ အစိုးရ၊ အတိုက်အခံ၊ ရွေးကောက်ပွဲကော်မရှင်၊ မီဒီယာများနှင့်အရပ်ဖက်အဖွဲ့အစည်းများကြား ရွေးကောက်ပွဲဆိုင်ရာဆွေးနွေးပွဲများအား နော်ဝေနိုင်ငံသည် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

၁၀။ စီးပွားရေးဆိုင်ရာအနေဖြင့် နော်ဝေနိုင်ငံစွမ်းအင်နှင့် ရေအရင်းအမြစ်ဌာနသည် မြန်မာနိုင်ငံလျှပ်စစ်စွမ်းအားဝန်ကြီးဌာနအား ရေအားလျှပ်စစ်နှင့်စွမ်းအင်ဖူလုံရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုနှင့်အထောက်အပံ့များပေးအပ်လျက်ရှိသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ရေးအပိုင်းတွင် ၂၀၁၂ခုနှစ်မှ ၂၀၁၅ခုနှစ်များအတွင်း Pilot Projects (၁၅)ခု ဖော်ဆောင်ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ Peace Support Group ကိုတည်ထောင်ခဲ့ပြီး အဆိုပါအဖွဲ့သည် မြန်မာ့ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာအလှူရှင်များ ရှာဖွေသည့်လုပ်ငန်းစဉ်များအား ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ စီးပွားရေးဆိုင်ရာထင်ရှားသောရင်းနှီးမြှုပ်နှံမှုအဖြစ် မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် နော်ဝေနိုင်ငံမှ တယ်လီနော(Telenor)မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၁ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင်

စတင်ရင်းနှီးမြှုပ်နှံခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၀၀သန်းအထိရှိခဲ့ကာ ၂၀၁၅-၂၀၁၆ခုနှစ်များတွင် မြန်မာနိုင်ငံ၌ တယ်လီနော(Telenor)ဆက်သွယ်ရေးလိုင်းပေါင်း ၈,၅၀၀,၀၀၀ အထိရှိခဲ့ပြီး မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးဆက်သွယ်ရေးကွန်ယက်ဖြစ်လာခဲ့ပါသည်။

၁၂။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E Ms. Tone Tinnes သည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်အား လာရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

၁၃။ ၂၀၁၉ခုနှစ်၊ ဇွန်လ ၁၂ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms.Tone Tinnesသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်အား လာရောက်တွေ့ဆုံခဲ့ပြီး နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏စီးပွားရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြန်မာလွှတ်တော်များ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ အကူအညီပေးနိုင်ရေး၊ ရွေးကောက်ပွဲစနစ် အတွေ့အကြုံမျှဝေနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

## မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Tone Tinnes ၏ ကိုယ်ရေးအကျဉ်း



Ms. Tone Tinnes ကို ၁၉၆၁ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၈၈ခုနှစ်တွင် နော်ဝေနိုင်ငံ၊ အော်စလိုတက္ကသိုလ်မှ စီးပွားရေးပညာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့ပါသည်။ ၁၉၈၉ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၌ အကြံပေးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၃ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ယင်းဝန်ကြီးဌာနတွင်ပင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၁၉၉၆ခုနှစ်တွင် နော်ဝေဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတွင် စီးပွားရေးပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ၁၉၉၉ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ တန်ဇန်းနီးယားနိုင်ငံ၊ ဒါရက်စ်ဆလမ်မြို့ရှိ နော်ဝေသံရုံးတွင် စီးပွားရေးသံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၃ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ နော်ဝေဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့်အသုံးစရိတ်ထောက်ပံ့ရေးဌာန အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၂၀၀၆ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ မူဝါဒရေးရာဆန်းစစ်မှုဌာနတွင် အကြီးတန်းအကြံပေးအဖြစ် ၂၀၀၇ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ၂၀၀၇ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုမူဝါဒရေးရာဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ယင်းဌာနတွင်ပင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ Ms. Tone Tinnes သည် ၂၀၁၄ခုနှစ်မှစ၍ တောင်ဆူဒန်နိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိပါသည်။